# မြန်မာနိုင်ငံ - ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လတ်တလောဖြစ်ပေါ်နေသည့် နေရပ်စွန့်ခွာတိမ်းရှောင်မှု (၁၆ ဖေဖော်ဝါရီ ၂၀၁၆) OCHA

ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်၌ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ ရှမ်းပြည် တပ်မတော် (တောင်ပိုင်း)နှင့် တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့အကြားတိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ ရှမ်းပြည်နယ်ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာန၊ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများ၏ပြောကြားချက်များအရ ဖေဖော်ဝါရီလ ၁၆ရက်နေ့အထိ လူဦးရေ ၃,၃၀၀ ခန့် ကျောက်မဲမြို့နှင့် ပတ်ဝန်းကျင်ရှိ ရွာများသို့ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရပါသည်။ မြေပြင်အခြေအနေများမှာ တည်ငြိမ်မှုမရှိပဲ၊ ပြောင်းလဲမှုများရှိနေပါသည်။

အစိုးရနှင့် ပုဂ္ဂလိကအလှူရှင်များ၊ ဒေသတွင်း အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကယ်ဆယ်ရေးပစ္စည်းများကို ပံ့ပိုးပေးခဲ့ပါသည်။.

ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် နမ့်ခမ်းမြို့နယ်၌လည်း ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ၊ ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့အကြား လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားခဲ့ပါသည်။ အရပ်ဖက်လူမှု အဖွဲ့ အစည်းများနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ ပြောကြားချက်များအရ လူဦးရေ ၁,၀၀၀ ကျော်ခန့် မိုင်းဝီးရွာသို့ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရပါသည်။ ဒေသတွင်း အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအလှူရှင်များမှ ပံ့ပိုးပေးထားသည့် ကနဦး အထောက်အပံ့များမှာ လတ်တလောအတွက် လုံလောက်မှုရှိပါသည်။ သို့သော်လည်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ နေထိုင်လျက်ရှိသည့် အဆောက်အဦများမှာ ပြည့်ကြပ်နေပြီး၊ အကူအညီများ ထပ်မံလိုအပ်နိုင်ပါသည်။ လုံခြုံရေးအခြေအနေကြောင့် ထိုဒေသသို့ သွားရောက်နိုင်ရန် ခက်ခဲလျက်ရှိပါသည်။

ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ သက်ဆိုင်ရာ အာဏာပိုင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အနီးကပ် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး၊ လိုအပ်ချက်များကိုသိရှိရန်နှင့် လိုအပ်ပါက အကူအညီများဆက်လက် ပေးအပ်သွားနိုင်ရန်အတွက် အခြေအနေလေ့လာဆန်းစစ်ခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

## နေရပ်စွန့်ခွာတိမ်းရှောင်မှု

**>၄,၃၀၀** အသစ်ထပ်မံနေရပ်စွန့်ခွာတိမ်းရှောင်သူများ

**>၂၀** ယာယီနေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းအသစ်များ




ယာယီနေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းအသစ်များ

ပဋိပက္ခဖြစ်ပွားသည့်ဧရိယာ

နေရပ်စွန့်ခွာတိမ်းရှောင်မှု

အဓိက လမ်းမကြီးများ

မြစ်၊ ချောင်း၊ အင်း၊အိုင်များ

၅၀ ကီလိုမီတာ





## အသစ်ထပ်မံနေရပ်စွန့်ခွာတိမ်းရှောင်သူများရှိသည့်နေရာ




ဤမြေပုံတွင် ဖော်ပြထားသည့် နယ်နိမိတ်များနှင့် အမည်များ၊ သတ်မှတ်ချက်များမှာ ကုလသမဂ္ဂမှ တရားဝင် ထောက်ခံချက်ပြုထားသည့် သို့မဟုတ် လက်ခံထားသည့် နယ်နိမိတ်များနှင့် အမည်များ၊ သတ်မှတ်ချက်များ အဖြစ် ညွှန်းဆိုမှုမပြုနိုင်ပါ။
ထုတ်ဝေသည့် ရက်စွဲ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၇၊ သတင်းအချက်အလက်အရင်းအမြစ် OCHA ၊ UNICEF ၊ WFP ၊ အစိုးရမဟုတ်သည့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ ဆက်သွယ်ရန် ochamyanamr@un.org www.unocha.org www.reliefweb.int